# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

# ဖောက်သည်များကို ဆက်ဆံမှုဆိုင်ရာမူဝါဒ

*(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၄/၂၀၁၃ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းမှုများရှိပါက အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# ဖောက်သည်များကို ဆက်ဆံမှုဆိုင်ရာမူဝါဒ

Indorama Ventures အများပိုင် ကုမ္ပဏီ လီမိတက် ("IVL") သည် ဖောက်သည်များ၏ မျှော်မှန်းချက်နှင့် ကျေနပ်မှုများကို ပြည့်မီစေရန် ထုတ်ကုန်၏ လုံခြုံရေး၊အရည်အသွေးနှင့် စီးပွားရေး တည်တံ့ရေးတို့ကို အမြင့်ဆုံး အဆင့်အတန်းတွင် ထားနိုင်ရန် သန္နိဋ္ဌာန်ထားပါသည်။

IVL သည် ကျင့်ဝတ်နှင့် လျော်ညီသော စီးပွားရေးလုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရန် သန္နိဋ္ဌာန်ကို လေးလေး နက်နက် တန်ဖိုးထားကာ၊ လွယ်ကူစွာ ရယူနိုင်သော ဝန်ဆောင်မှုများ ပေးရန်နှင့်၊ ဖောက်သည်တစ်ဦးခြင်းစီ၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့်တို့ကို တန်ဖိုးထားပြီး အောက်ပါလုပ်ငန်းတို့ကို လုပ်ဆောင်ပါသည်:

1) IVL သည် နှစ်ဦးနှစ်ဖက်လုံး အကျိုးအမြတ်မျှတရေးကို အခြေခံ၍ ဖောက်သည်များအားလုံးကို ညီတူညီမျှ မျှမျှတတ ဆက်ဆံပါသည်။
2) IVL သည် ဖောက်သည်များ၏ စိတ်ကျေနပ်မှုကို ဖြည့်တင်းပေးနိုင်မည့် အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် သန္နိဋ္ဌာန်ချထားပါသည်။
3) IVL သည် ကျွန်ုပ်တို့ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် ထုတ်ကုန်များကို သုတေသန လုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ အချိန်မှန် ပြုလုပ်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။
4) IVL သည် ဖောက်သည်များထံ ချဲ့ထွင်ထားခြင်းမရှိသော၊ ရည်ရွယ်ချက်ရှိရှိ သတင်းအချက် အလက်များ ဖုံးဖိထားခြင်းမရှိသော၊ ဖောက်သည်များအား သတင်းမှားပေးရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်အမှားများ ကင်းမဲ့သော တိကျသည့်၊ လုံလောက်သည့်၊ အသုံးဝင်သည့် သတင်းအချက်အလက်များ ပေးပို့သွားပါမည်။
5) IVL သည် ဖောက်သည်များ၏ ကိုယ်ပိုင်ရပိုင်ခွင့်ကို လေးစားပြီး ဖောက်သည်များ၏ ကိုယ်ပိုင်အချက် အလက်များကို ထိန်းသိမ်းကာ တတိယပါတီများသို့ ဖော်ထုတ်ခြင်း ပြုမည် မဟုတ်ပါ။
6) IVL သည် ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုနှင့် ပက်သက်သော မကျေနပ်ချက်များ ရှိပါက ဖောက်သည်များ အနေဖြင့် တိုင်ကြားနိုင်သည့် ဆက်သွယ်ရန်ချန်နယ်များ ထားရှိပေးပါမည်။
7) IVL သည် ဖောက်သည်များနှင့် ကုမ္ပဏီအကြား ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန် စုံလင်သော လှုပ်ရှားမှုများ ပြုလုပ်ထောက်ပံ့ပေးသွားပါမည်။